

# မောင်ငယ်ငယ်က ခရေဦးနှင့် ရသစာတမ်းများ

မောင်ရင့်မာ(ကျောင်းကုန်း)

ဆရာမြတ်သင်း၏ အမှာစာ

## မုက္ခမူရှာထိပ်၌ အက်ဆေးများအလိုက်ခံခြင်း

မန်းကျည်းပင်၊ တမာပင်တန်းတွေနဲ့ မူနှစ်ဘက်ကာတဲ့ ကျွန်တော်တို့ ရွာကလေးကို ဦးပဉ္စင်းငယ်တစ်ပါး ကြွလာဖူးပါတယ်။ နွေနေ့လယ်ခင်းတွေ မဂ္ဂဇင်းထဲက ဝတ္ထု၊ ဆောင်းပါးတွေကို အသံထွက်ပြီး ဖတ်ပြရတာ ပါ။

တစ်ယောက်ဖတ်တာကို အများကနားထောင်ရင်း ရယ်ကြမောကြ၊ ဝေဖန်ကြနဲ့ စာဖတ်တတ်စကလေးငယ် တွေရဲ့ စာဖတ်ဝိုင်းလေးဟာ ပျော်စရာကောင်းလှပါတယ်။ ဒီတုန်းက ဆရာတင့်တယ်ရဲ့ 'ဆွမ်းအိုးတူးသော ငွေတစ်မူး' ဆိုတဲ့စာတစ်ပုဒ်ကို ကျွန်တော်ဖတ်ပြခဲ့ရဖူး ပါတယ်။ ခေါင်းရွက်ဈေးသည် ဆီမှာ ဈေးဖိုးငွေတစ်မူး အဆစ် ကောင်းလို့ ဆွမ်းအိုးတူးသွားရတဲ့ အိမ်ရှင်မတစ်ယောက်အကြောင်း ဖြစ်ပါတယ်။ အဲဒါဟာ ကျွန်တော့်ဘဝမှာ ပထမ ဆုံး ဖတ်ဖူးတဲ့ အက်ဆေးပါပဲ။

အထက်တန်းကျောင်းသားဘဝမှာတော့ ဆရာဇေယျရဲ့ 'မြန်မာ့ မျက်ပွင့်' ထဲက ရွာခလေ့အက်ဆေးတွေကို စွဲလမ်းခဲ့ပါတယ်။ ကောက်ရိုးနွယ်၊ ရွှေအင်ကြင်း၊ ယင်းတိုက်နုချိန်၊ မြခက်ကလေးရဲ့မျက်နှာ။ ခုထိ အမှတ်ရ နေတုန်းပါပဲ။

ကျွန်တော်တို့ တက္ကသိုလ်ရောက်တော့ 'ကံ့ကော်မြိုင်စာတမ်း' ထွက်လာပါတယ်။ အလွတ်ရမတတ် အထပ်ထပ်အခါခါ ဖတ်ခဲ့ပါတယ်။ ဒီနောက်မှာတော့ အက်ဆေး သိပ်မဖတ်ဖြစ် ပါဘူး။ ထွက်သမျှအားလုံးနီးပါး အက်ဆေးစာအုပ်တွေကိုတော့ မှန်မှန်ဝယ်ဖြစ်ပါတယ်။ ဒါပေမယ့် အုပ်လုံးကျွတ် မဖတ်ဖြစ်ဘူး။ တစ်ပုဒ်စ၊ နှစ်ပုဒ်စ ဖတ်ပြီး စင်ပေါ်မှာ တင်ထားလိုက်တာပဲ များပါတယ်။

စာတွေက မကောင်းလို့တဲ့။ မဖြစ်နိုင်ပါဘူး။ ဒီဆရာ၊ ဆရာမတွေရေးတဲ့ ဝတ္ထုတွေ၊ ကဗျာတွေ၊ ဝေဖတ်ရေး ဆောင်းပါးတွေကို ကျွန်တော် အလွတ်တမ်း ဖတ်နေတာပဲဟာ။ သူတို့ လက်ရာတွေက ဘယ်မှာမကောင်း ရှိပဲ့မလဲ့။ ကျွန်တော့်မှာ အက်ဆေးကြောက်ရောဂါ စွဲကပ်နေ လို့ပါ။ ဟင်းကောင်း ပါတယ်။ ခံတွင်းမတောင်း လို့ပါ။

ဒီလိုနဲ့ပဲ စင်ပေါ်မှာ အက်ဆေးတွေ အေးစက်ကုန်ပါတော့တယ်။

*

ဟော. . .အခုတော့ အက်ဆေးကြောက်သူရဲ့ ခေါင်းပေါ်ကို ခရေပွင့်လေးတွေ တစ်ဆုပ်ကြီး ပြုတ်ကျလာခဲ့ ပါပြီ။

တကယ်တော့ အက်ဆေးဆိုတာ လွယ်လွယ်ကူကူ ပေ့ါပေ့ါပါးပါး ရေးထားတဲ့ စာလေးတွေပါ။ ပြီးတော့ မတို မရှည်လေးတွေပါ။ ပျင်းဖို့မကောင်းပါဘူး။ ဖတ်ချင်စဖွယ် ကောင်းပါ တယ်။

မောရင့်မာရဲ့ ‘မောင်ငယ်ငယ်က ခရေဦးနှင့် ရသစာတမ်းများ’ စာအုပ်မှာ အက်ဆေး ၁၇ ပုဒ် ပါဝင်ပါတယ်။

ပထမဆုံးတွေ့ရတဲ့စာတမ်းကတော့ ‘အလွမ်းအက်ဆေး’တဲ့။ ထူးအိမ်သင်၊ ခင်ဝမ်းနဲ့ တွံတေးသိန်းတန်တို့ကို လွမ်းထားတာပါ။ အက်ဆေးထဲမှာ တွံတေးသိန်းတန်ရဲ့ သီချင်းတွေက ဥမင်လိုဏ်ဝဖြစ်နေတယ်။ ဒီဥမင်လမ်းကနေ သူ့ရဲ့ငယ်ဘဝဆီကို ကြိမ်ဖန်များစွာ သွားလာ လည်ပတ်ခဲ့ပြီးပြီ။

ဝတ္ထုဆရာက ဇတ်ကောင်ကို ထိန်းလိုက်၊ ဇာတ်လမ်းကို ထွင်လိုက်၊ ဇာတ်နောက်ခံကားကို ထောင်လိုက်နဲ့ အလုပ်ရှုပ်နေချိန်မှာ အက်ဆေးဆရာကတော့

ဒီတာဝန်တွေက ကင်းလွတ်နေတဲ့ အတွက် အေးအေးလူလူပါပဲ။ စိတ် အတွေးကို ပို ပြီးကြည်လင်ထက်မြအောင် အရေးအသားကို ပိုပြီးဆန်းကြယ်လှပအောင် ကြံစည် ဖန်တီးနိုင်ပါတယ်။ ဝတ္ထုဆရာလို ကိုယ့်အာဘော်ကို ဇာတ်လမ်းဇာတ်ကောင်က တစ်ဆင့် ပြောမနေရဘဲ တိုက်ရိုက်ပြောခွင့်ရတဲ့အတွက်လည်း ပိုပြီးနားစွဲအောင် လုပ်နိုင်ပါတယ်။

‘ခူးပါနဲ့ကွယ်’ ဟာ ဝတ္ထုဆန်တဲ့ အက်ဆေးတစ်ပုဒ်ပါ။ ပထမပိုင်းမှာ ဆရာသော်တာဆွေရဲ့ ‘တာတီးနဲ့ မဲတူ’ ဝတ္ထုဇာတ်လမ်းအကျဉ်းကို ပြန်ပြောပြပါ တယ်။ ပြီးမှ ဖားဆောင်းမြို့လေး ကတစ်ဆင့် ပိတောက်တွေပွင့်နေတဲ့ မြစ်ဝကျွန်းပေါ်ရွာကလေးကို ခေါ်သွားတာပါ။ ပိတောက်ပန်း တွေကို အချည်းနှီး ခူ ခြွေပစ်မယ့်အစား အပင်ပေါ်မှာ သတ်တမ်းကုန်ချိန်အထိ လှပမွှေးပျံ့နေ စေချင်တဲ့ စိတ်ကူးလေးက နားထဲစွဲစရာပါ။

‘မောင်ငယ်ငယ်က ခရေဦး’မှာ ဟိတောပဒေသကျမ်းဆရာရဲ့ အဆိုအမိန့် ဘင်္ဂါလီစာဆိုကြီး ရဝိန္ဒြာနတ်တဂိုး နဲ့ ကဗျာတို့လို ကျမ်းကိုးလေးတွေ ပါ ပါတယ်။ ဒါပေမယ့် ‘ကိုးကားစာ’ ကို ငရုပ်ကောင်းသဖွယ်မသုံးဘဲ ဆားသဖွယ် သုံးတဲ့အတွက် အက်ဆေးအရသာမပျက်ပါဘူး။ မီးရထားလမ်းရဲ့ အပြိုင်သွယ်တန်း နေတဲ့ ရွာတန်းရှည်ရဲ့အလည်က ခရေပင်ကြီးက လွမ်းစရာပါ။ ခရေပင်ကြီးကို မှီပြီးထိုင်နေ တဲ့ စမ်းနွေလေးရဲ့ မျက်နှာကလည်း လွမ်းလောက်စရာ ပါ။

အက်ဆေးဆိုတာ စကားလက်ဆုံပြောတဲ့စာပေ (Conversational Literature) ဖြစ်ပါတယ်။ ကျိုးကြောင်း သင့် ငြင်းခုန်ခြင်းဟာလည်း အက်ဆေးရဲ့ သွ င်ပြင်လက္ခဏာတစ်ရပ်ပါပဲ။

‘ပုံပြင်တစ်ပုဒ်နဲ့ ငြင်းခုန်းခြင်း’ ဟာ အက်ဆေးအမိုးအကာအောက်က ပုံသဏ္ဍာန်ခွဲတစ်ခုပါ။

အမိုးအကာတို့မှ ကင်းလွတ်တဲ့ လက်ဖက်ရည်ဆိုင်တစ်ဆိုင်မှာ

ကျောင်းဆရာရယ်၊ ရှေ့နေရယ်၊ အက်ဆေး ဆရာရယ်ထိုင်ပြီး စကားစမြည်ပြောနေကြပါတယ်။ 'ရေများလို့ ငါးမသေနိုင်ပါဘူး' ဆိုတဲ့ထုံးကို နှလုံးမူရမယ့် ရှေ့နေက အမှုတွေများတာကို ထိုးမယ်ဖွဲ့ပြီး ညည်းညူပါသတဲ့။ လောဘကိုဇက်မခွံ့နိုင်လို့ ဖြစ်ရတဲ့ မှုခင်းတွေအကြောင်း စကားစပ်မိကြရင်း ကျောင်းဆရာက 'မလိုချင်လို့ ဖြစ်ရတဲ့မှုခင်း 'တစ်ခုအကြောင်း ပြောပြပါတယ်။ ဟီဘရူး ပုံပြင် တစ်ပုဒ်ကို အခြေခံပြီး ရေးဖွဲ့ထားတဲ့ အက်ဆေးကောင်းတစ်ပုဒ်ပါ။ မက်ဆီဒိုးနီးယားက နေခြည်နဲ့ မိုးစက်ကို အာဖရိကခေါင်းဆောင် နားလည်သဘောပေါက်သွားပုံက အတွေးနယ်ချဲ့စရာပါ။ အင်း. . .ငြင်းခုန်ထိုင်ပါပေတယ် လို့ပဲ ဆိုလိုက်ချင်ပါတယ်။

အက်ဆေးဆရာကောင်းတို့မည်သည် စကားမဖောင်းရဘူးတဲ့။ အရယ်မသန်ရဘူးတဲ့။ ဒါပေမယ့် တိတ်တခိုး ရယ်ခြင်းတို့ကိုတော့ ထောက်ပံ့ရမယ်တဲ့ မောင်ရင့်မာ ဟာ စကားကို ချင့်ချိန်ပြီး ပြောတဲ့သူပါ။ အူရွှင်တတ်သူလည်း မဟုတ်ပါဘူး။

ဟန်လုပ်တတ်သော ဟန်ရှိတဲ့ ကဗျာဆရာတစ်ယောက်ရဲ့ ဟန်အကြောင်းပြောတဲ့အခါ မှာတော့ အက်ဆေး ဆရာရဲ့ ပြုံးတုံ့တုံ့အမူအရာကို တွေ့ရတယ်။ အဲဒီ ကဗျာဆရာက တစ်ခါတစ်ရံ မမြင်ချင်ယောင်ဆောင်လိုက်၊ တစ်ခါ တစ်ရံ ဖက်လှဲတကင်းလုပ်လိုက်နဲ့ တယ်လည်း ဟန်ဓာတ်ခုတ်တတ်ဆိုကိုး။ 'ဟန်များ' ဆိုတဲ့ အက်ဆေးထဲမှာပါ။

'လမင်း ကြာပန်းနှင့်ကမ်းပြိုသောညများ' ကို ဖတ်ရတဲ့အခါမှာတော့ ဆောင်းပါနဲ့ အက်ဆေးရဲ့ အကွာအဝေး ကို သတိပြုမိရပြန်ပါတယ်။

အရက်သောက်ခြင်းရဲ့ အပြစ်များအကြောင်းကို ဆောင်းပါးရေးမယ်ဆိုပါစို့။ အရက်ကြောင့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးတွေ ဘယ်လိုပျက်ပြားတတ်တဲ့အကြောင်း အကိုးအကား၊ အချက်အလက် အတိအကျနဲ့ မှတ်သားဖွယ် ရေးပြရမှာပါ။ 'ကမ်းပြိုသောညများ' မှာ အက်ဆေးဆရာက အရက်နဲ့ဆိုးပြစ်ကို ဖွဲ့ပါတယ်။ ဒါပေမယ့် အကြောင်းအချက်ထက် ခံစားချက်ကို ဦးစားပေးပြီး ဖွဲ့ပါတယ်။ ဦးနှောက်နဲ့ မရေးဘဲ နှလုံးသားနဲ့ရေးပါတယ်။ ဆရာ မောင်ခိုင်မာရဲ့ 'ငွေလမင်းကို နမ်းတဲ့ည'

ကဗျာကို သီကြိုးလုပ်ပြီး အရက်ကြောင့် အကြွေစောခဲ့ရတဲ့ အနုပညာရှင် များရဲ့ ဘဝ ပန်းတွေကို သီကုံးပါတယ်။ ဝတ်မှုန်ကူးခဲ့ကြတဲ့ ရေးဖော်တွေအတွက် ပင့်သက်ရှိုက် ပြပါတယ်။

'ငွေလမင်းကို နမ်းတဲ့ညမှာ ပွင့်ခဲ့သမျှ ကြာပန်းတွေ အင်မတန်လှပါ တယ်။ ကြာကြာမပွင့်နိုင်တာကိုဖြင့် နှမျောမိတယ်' ဆိုတဲ့ အဖွဲ့လေးမျိုးကို သဘောကျပါတယ်။

'မိသားစုလိုက် ဘယ်ကောင်းကင်မှ ကြယ်မစုံဘူး' တဲ့။ စာရေးဆရာမ စု သဲမွှန်ရဲ့ 'မွေးနေ့သစ်ကို အိမ်မက်ခြင်း ' ဝတ္ထုတိုလေးထဲက ဖခင်ဝေးငှက်ကလေးရဲ့ ခံစားချက်က စာနာသနားစရာပါ။ မွေးနေ့လက်ဆောင်အဖြစ် အဝေးရောက်ဖခင်ဆီ က ပို့လိုက်တဲ့ 'လက်ဖြစ်စာအုပ်' ကလေးကို ဖွင့်ဖတ်တဲ့အခန်းကလည်း ရင်နင့်စရာ ပါ။ ဒီဝတ္ထုတို လေးကို မိသားစုဖွဲ့ကဗျာ 'ကြယ်' တွေရံပြီး အက်ဆေးဆရာကဖွဲ့ထား တပါ။ ကြယ်တွေစုံလွန်းလို့ 'ကျူဘစ်ဇင်' နည်းနဲ့ ရေးထားတဲ့ ပန်းချီကားတစ်ချက် လေးလား ထင်မှတ်မှားရပါတယ်။ အပြောင်အမွန်ရှိရမယ်ဆိုတဲ့ အက်ဆေးဆရာ သဘောတရားတစ်ရပ်ကို သတိရမိရင်တော့ ဒီရေးဖွဲ့ပုံမျိုးကို လက်ခံနိုင်မှာပါ။

ဧည့်သည်တော်ဝါကြောင့် အလုပ်အပြီးနိုင်လို့ စိတ်ရှုပ်ရတဲ့အဖြစ်မျိုးကို နယ်ပိုင်မင်း၊ မောင်လူအေးကတော့ ဟစ်လို့သာ ငိုလိုင်ချင်ပါသတဲ့။ မောင်ရင့်မာ ကတော့ 'ဆန်ကျင်း'နဲ့ 'တုဝုလုံ'တို့ နည်းအတိုင်း တံခါးသော့ခတ်ပြီး အခန်းထဲမှာ ပုန်းနေတဲ့ လမ်းစဉ်ကို လိုက်တယ်။ ငြင်းပယ်နိုင်စွမ်းရှိတဲ့ ကိုအော်ပီကျယ်ကို အားကျတယ်။ ပျော့ညံ့မှု တွေ၊ အားနာမှုတွေ၊ ယဉ်ကျေးဖွယ်ရာလိုက်လျောမှုတွေကို ငြင်းပယ်နိုင်စွမ်းရှိရမယ်လို့ အက်ဆေးဆရာက ဆိုပါတယ်။ 'ငြင်းပယ်လိုက်စမ်းပါ' တဲ့။ ကျိုးကြောင်းပြ စာတမ်းငယ်တစ်ပုဒ်ပါ။

"လမ်းကလေးသည် ချုံးချုံးကျကြွေပွပျက်စီးသွားခဲ့ပြီဖြစ်သည်။ ခြေသွား လမ်းပင် မဖြောင့်နိုင်ဖုထစ် ကြမ်းထော်ခဲ့ပြီ။ ချိုင့်ခွက်ရာဗရပွနှင့် အရုပ်ဆိုး အကျည်းတန်ခဲ့ပြီ။ မထမ်းနိုင် သော ဝန်စည်စလယ်များ သူ့ကျောပေါ် ကြိမ် ဖန်များ

စွာ ဖြစ်သွားခဲ့သဖြင့် အရိုးအရေ တွေ ကျိုးကြေစုတ်ပြတ်ကာ အနာသည်းခဲ့ဟန်ရှိသည်”

‘ရှားအဝင်လမ်း’ အက်ဆေးထဲက ကောက်နုတ်ချက်ပါ။ ဒိန်းဒေါင် (ထော်လာဂျီ) ဖျက်လို့ ပျက်စီးသွားရှာတဲ့ လမ်းကလေးကို ကြည့်ရင်း အက်ဆေးဆရာက နာကျင်ခံစားနေတယ်။ ပြင်ပကမ္ဘာနဲ့ ဆက်သွယ်ကူးလူးရာ တစ်ခုတည်းသော ရှားဝင်လမ်းလေးပျက်စီးသွားတာကို နှမြောနေတယ်။ဒီလမ်းပျက်အောင် လုပ်တဲ့ လက်သည်ကို ပြန်ပြင် ပေးဖို့ပြောချင်တယ်။ ဦးလေးသန်းတို့၊ ဘကြီးသာဂေါင်တို့က သဘောမတူကြဘူး။ ‘ပျက်ချိန်တန်လို့ ပျက်ရတာ ။ သင်္ခါရသဘောကို မလွန်ဆန်နိုင်လို့ ပျက်ရတာ ’လို့ မှတ်ယူရမတဲ့။ သူတို့ရဲ့ခွင့်လွှတ်တတ်တဲ့ စိတ်သဘောက အံ့သြစရာကောင်းသလို ကြည်နူးစရာလည်း ကောင်းပါတယ်။ ရှားဓလေ့ အက်ဆေးလေးတစ်ပုဒ်ပါ။

အက်ဆေးအားလုံးထဲမှာ ကျွန်တော်အကြိုက်ဆုံးကတော့ ‘မေ့လျော့ခြင်း၏ ဟိုမှာဘက်’ ဖြစ်ပါတယ်။ အငြိမ်းဓာတ်ကိုဖွဲ့တဲ့စာမို့ ထင်ပါရဲ့။ စကားပြေနရီတောင် ပြောင်းသွားပါတယ်။ ဝါကျတွေက အရပ်တစ်ဘက်တည်းကို မျက်နှာမူနေတဲ့ သမင်တွေလို ငြိမ်ပြီး တိတ်ဆိတ်နေ ကြတယ်။ သူတို့က စကားမပြောဘဲ ကျွန်တော်ကပဲ စကား တွေ အများကြီး ပြောနေရတယ်။ ကမ္ဘောဒီးယား ဆရာတော်လေး ‘ဝိဝေကတောရ’ကို စွန့်ခွာကြွမြန်းသွားတော့မှပဲ သမင်းလေးတွေ လှုပ်ရှားလာပြီးမုက္ခမူချောင်းရိုးအတိုင်း ပြေးလွှားပျောက်ကွယ်သွားကြတယ်။ ချောင်းထဲမှာတော့ ဂယက်ဝိုင်းလေးတွေ ထလာကြပြီ။ သုည. . .သုည. . .သုည. . .တွေ။

‘သင်ဦးချ၍ အမျှဝေရာ’ ခေါင်းစဉ်နဲ့ အက်ဆေးမှာတော့ နေခြင်းနဲ့ သေခြင်းပြဿနာကို ဆွေးနွေးထားပါတယ်။ ဘဝရဲ့ ဆည်းဆာယွန်းယွန်းအချိန်မှာ တာဝန်ပြီးဆုံးပြီဖြစ်တဲ့ ဝိညာဉ်တစ်ခု အတွက် တွယ်မှီခိုနားရန် အရပ်ဒေသကို တကယ်လို့များ ရွေးချယ်ခွင့်ရမယ်ဆိုရင် ဘယ်နေရာကို ရွေးမှာလဲ။ အတွေးနယ်ချဲ့စရာပါ။ ဂျရယ်ဖို့ နဲ့ ဂျီယတို့ကို ကြည့်နေဆဲမှာပဲ မိခင်လွမ်းစိတ်ကို ဇာတိရနံ့နဲ့

ဖြေသိမ့်ခဲ့ရှာတဲ့ ကဗျာဆရာရဲ့ ပုံရိပ်က လွမ်းမောဖွယ် ဝေ့ဝဲလာပါတယ်။ ဒီအခါမှာ တော့ အက်ဆေးရဲ့ခေါင်းစဉ်ကို အလေးအနက်ပြန်ဖတ်မိပါတယ်။

တန်းလျားရွာသား ဒုံးပေတစ်ယောက် ဆိုးတူကောင်းဖက် ဒုက္ခခံခဲ့တဲ့ ဇနီးသည်ကို မေ့လျော့ပြီး ရန်ကုန်မြို့ ကြီးအလယ်မှာ စကတ်ကွဲပါးစပ်ပြဲ ကောင်မလေးတစ်ယောက်နဲ့ တွဲနေပြီတဲ့။ ဒုံးပေကိုကြည့်ရင်း အက်ဆေးဆရာက မေးခွန်းတွေ မေးနေပါတယ်။ ဘာလာလုပ် တာလဲ။ လူ့ပြည်လူ့ရွာကို ဘာလာလုပ် တာလဲ။ ‘ဘာလာလုပ်တာလဲ’။ အတွေးအမြင် အက်ဆေး လေး တစ်ပုဒ်ပါ။

ကိုဆွေလို့ပြောလိုက်ရင် စိတ်တွင်းစကားပြောနည်းနဲ့ ရေးတတ်တဲ့သူ မှန်းသိကြပါတယ်။ ရင်ခုန်ဖွယ် ကိုယ်နှံ့ပါအောင် ရေးတတ်တဲ့စကားပြေသမားမှန်း လည်း သိကြပါတယ်။ ကိုဆေးတစ်ယောက် နိဗ္ဗိန္ဒဘက်ကို ပြောင်းသွားပါပြီ။ လိမ္မော် သီးတစ်လုံးလို လိမ့်သွားတာလို့ မထင်လို့ကြပါနဲ့။ တောဓာတ်ရအောင် ပြောင်းတာ ပါ။ ချိုးကူသံလေးတွေ ကြားချင်လို့ ပြောင်းတာပါ။ ငွေမှိုင်းဖြူတွေပျံတာကို ကြည့် ချင်လို့ပြောင်းတာပါ။ တစ်နေ့မှာတော့ မြေးလေးနှစ်ယောက် ‘ကောင်းကောင်း’နဲ့ ‘ကစ်ကစ်’ကို စက်ဘီးပေါ် တင်နင်းရင်း ကိုဆွေက ပြောပါတယ်။ ‘ငါတို့ ကမ်းကပ်ခါ နီး ပြီ’တဲ့။ ကလေးနှစ်ယောက်က ကြားမကြား မသိပေမယ့် ချမ်းငြိမ်းအေးကတော့ အသေအချာ ကြား လိုက်တယ်။ ချမ်းငြိမ်းအေးရဲ့ ရင်ခေါင်းထဲမှာ ကိုဆွေရဲ့ နှလုံးရှိနေ တာကိုး။ သူတို့ပုံရိပ်ကို အဝေးမြင်ရိုက်ချက်နဲ့ လှမ်းမြင်လိုက်သူကတော့ ‘ကွန်ကရစ် တော’ မှာ ရောက်နေတဲ့ မောင်ရင့်မာပဲ။ ခရမ်း နုရောင်ဝတ်မှုန်တွေ မှိုင်းမှိုင်းဝေ နေ တဲ့ ပျူညချမ်းရဲ့ ‘သံတစ်ချောင်း’ လမ်းမပေါ်မှာ သူတို့သုံးယောက် ဆုံကြတယ်။ အနုပညာပိုးထ ကြပြီပေ့ါ။ ဘော့ဒိုင်လန်ရဲ့ လိမ့်နေတဲ့ကျောက်တုံးသီချင်းကို ခံစား ရင်း ကိုဆွေက မော်တောင်ကုန်းဝတ္ထုတွေရဲ့ ‘ကဗျာ’ ကို ဖွဲ့တယ်။ ဒီကဗျာကိုခံစား ရင်း ချမ်းငြိမ်အေးက ဘိုဟီးမီးယန်းအိပ်မက် ‘အက်ဆေး’ ကိုဖွဲ့တယ်။ ရွှေစည်းပုံသုံး အိမ် နှောနှောနေလိုက်ကြပုံ များကတော့ . . .။ အဲဒီ့ အက်ဆေးလေးကို ခံစားကြည့် လိုက်ပါဦး။

'ပြောပြတာလေ' ဆိုတာ သံလွင်မြစ်ကမ်းမှာ တည်ရှိတဲ့ ဖားဆောင်းမြို့က မာမီစောရဲ့ လက်သုံးစကား တစ်ခွန်းကို ခေါင်းစဉ်တပ်ပြီး ရေးထားတဲ့ အက်ဆေးပါ။ မာမီစောရဲ့ လက်သုံးစကားတစ်ခွန်းကို ခေါင်းစဉ်တပ်ပြီးရေးထားတဲ့ အက်ဆေးပါ။ မာမီစောရဲ့ လက်သုံး စကားတစ်ခွန်းကို ခေါင်းစဉ်တပ်ပြီး ခပ်ရွှင်ရွှင် အသုံးတော်ခံထားပါတယ်။ အဆုံးသတ်မှာတော့ 'ကတိဆိုတာ တည်ရမယ်မယ်နော်'လို့ လက်တို့ ပြီး ပြောချသွားလေရဲ့။ အက်ဆေးဆိုတာက အခြားအရေးအဖွဲ့တွေထက် ပိုပြီးဖတ်သူနဲ့ တိုက်ရိုက်ထိတွေခွင့်ရတာ ကိုး။ ဒီတော့ ရင်းရင်းနှီးနှီး ဆက်ဆံပြောဆိုနိုင် တာပေ့ါ။

'စိမ်းလမ်းသောတောအုပ်များ' ကို ဒိသာပါမောက္ခဆရာကြီးရဲ့ ကဗျာရွတ်သံနဲ့ ဖွင့်ထားပါ တယ်။ ဝေးလံတဲ့ဒေသတစ်ခုကို ရောက်တုန်းက အဆင်ပြေမှုတွေ ဝန်းရံနေတဲ့ အချိန်မျိုးမှာတောင် လရောင်ဆမ်းထားတဲ့ သံလွင်မြစ်၊ မြူခြေဆိုင်းနေတဲ့ လွှိုင်ပန်းဆေးတောင်၊ တေးသီနေတဲ့ မိုလိုချောင်းတို့ကို အဖော်ပြုရင်း အက်ဆေး ဆရာက ပျော်ပိုက်ခဲ့တယ်။ မြေလတ်က မွန်းတည့်နေရောင်အောက်ကို ရောက်တဲ့အခါမှလည်း ဝါရော်သွေ့ခြောက် တဲ့မြင်ကွင်း ထဲကို စိမ်းလန်းသော တောအုပ်တစ်အုပ် လောက်ထည့်လို့ လွမ်းနိုင်ခဲ့ပါတယ်။ အတိတ်နဲ့ ပတ်သက်တဲ့ အတွေးအမြင်ကို ဖော်ပြထားပုံလေးက နှစ်သက်စရာပါ။

ဂျမဒါကိုစိန်ဝင်းဆိုတဲ့ မီးရထားဝန်ထမ်းတစ်ဦးကို ရင်းရင်းနှီးနှီး မြင်တွေ့ချင်ရင်တော့ 'နွေတစ်ရက်၌ ဥသြ ငှက်ကို ပန်းကုံးစွပ်ခဲ့ခြင်း' မှာ သွားကြည့်ပါ။ ရပ်ရွာအကျိုးအတွက် စေတနာထား အနစ်နာခံပြီး လုပ်ကိုင်နေတဲ့ သူ့ရဲ့ ပရဟိတစိတ်ဓာတ်ကိုလည်း လေးစားအာ းကျဖွယ် တွေ့ရှိရမှာပါ။ အက်ဆေးဆရာနဲ့ ကိုစိန်ဝင်းတို့ တွေ့ဆုံခန်းလေး တွေကလည်း စိတ်ဝင်စားစရာကောင်းပါတယ်။

မိမိ ဘယ်အချိန်သေရမှာလဲဆိုတာဟာ ယေဘုယျအားဖြင့် ဘယ်သူမှ မသိနိုင်တဲ့ အရာဖြစ်တယ်။ ငါမသေနိုင်သေးပါဘူး။ သေမင်းက အဝေးကြီးမှာပါ။ သေခြင်းတရားဟာ ငါနဲ့ မဆိုင်သေးပါဘူးလို့ လူတိုင်းက (တိတ်တိတ်ကလေးဖြစ်ဖြစ်)

ထင်တတ်ကြတယ်။ ဒီအထင်ဒီ အတွေးတွေကြောင့်လည်း ပျော်ပျော်ပါးပါး မေ့မေ့လျော့လျော့ သွားလာလုပ်ကိုင်နေထိုင် နိုင်ကြတာပါ။ သေခြင်းတရားဟာ လောကဇာတ်ဆရာက တမင်မှောက်ထားတဲ့ ဖဲချပ်တစ်ချပ် ဖြစ်ပါတယ်။ သေခြင်းတရားရဲ့ ခြေသံသဲ့သဲ့ကို ကြားလိုက်ရသယောက် ထင်လိုက်မိတဲ့အခါမှာ တော့ လူက ဆောက်တည်ရာမရဖြစ်တော့တာပါပဲ။ သားရဲ့တွင်းဟာ သေခြင်းတရားအကြောင်းကို ဆင်ခြင်တွေးဆထားတဲ့ အက်ဆေးပါ။ အနိဋ္ဌာရုံအကြောင်း ကို ဒီလိုအနုစိတ်သရုပ်ဖော် ရေးသားနိုင်ဖို့ မလွယ်ပါဘူး။ ဘ၀မိတ္တူတစ်ခု ဖြစ်နိုင်တာကြောင့်လည်း ဝေဒနာကို ခွာလိုက်ပူးလိုက် နဲ့ ပင်ပန်းစွာရေးရပေလိမ့်မယ်လို့ တွေးမိပါတယ်။

လက်ဆေးအားလုံးကို ဖတ်ကြည့်တဲ့အခါ လူ့ခလေ့၊ ရပ်ရွာခလေ့၊ ဝေဖန်ရေး၊ အတွေးအမြင် စသဖြင့် အကြောင်းအရာစုံ ပါဝင်တာကို တွေ့ရပါတယ်။ ဘယ်အကြောင်းအရာကိုရေးရေး ရသ သဘောပါဝင်အောင် ရေးထားနိုင်တာကို တွေ့ပါတယ်။ ‘အက်ဆေးဘာသာစကား’ကို မောင်ရင့်မာ တတ်ကျွမ်းတာ သေချာပါတယ်။

ဒီစာစုကိုဖတ်ပြီးတဲ့နောက် ‘အက်ဆေးဖိုးဘီးယားရောဂါ’ ပျောက်သွားတဲ့ အတွက် ကျွန်တော့်အဖို့ ဖတ်ရကျိုးနပ်လှပါတယ်။ စင်ပေါ်မှာ ငြိမ်ကုပ်နေတဲ့ စာအုပ်လေးတွေ လှုပ်လာကြပါပြီ။

မောင်ရင့်မာတစ်ယောက် အက်ဆေးတွေ ဆက်ရေးနိုင်ပါစေ။

**မြတ်သင်း**

*

## စာရေးသူ၏ ကျေးဇူးမှတ်တမ်း

ရသစာတမ်းငယ်များကို အရေးတယူ ပုံနှိပ်ဖော်ပြပေးခဲ့သော ပိတောက်ပွင့်သစ်၊ မဟေသီ၊ ကလျာ၊ ရွှေအမြူတေ၊ ရွက်နုဝေ၊ မဟောသဓာ၊ ပန်းအလင်္ကာ၊ Future Light ၊ဘ၀ ဟန်ပန်၊ စာအုပ်လောက၊ စရဏ အစရှိသော မဂ္ဂဇင်းများနှင့် ယင်းမဂ္ဂဇင်းအယ်ဒီတာများကို လည်းကောင်း၊ စိတ်ရှည်စွာ အပင်ပန်းခံ၍ အမှာစာရေးသားချီးမြှင့်ခဲ့သော ဆရာမြတ်သင်း အားလည်းကောင်း အထူးကျေးဇူးတင်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မောင်ရင့်မာ (ကျောင်းကုန်)း**

* * *

သူတို့သိသောတေး၊

သူတို့ထဆစ်သော အနုပညာပစ္စည်းများ

ကျွန်တော်တို့ရင်ထဲသို့

အမှတ်မထင်ရောက်ရှိ၍

ကျွမ်းစေ၊ လွမ်းစေ

ချို့ရွှင်ကြည်မြူးစေသော

ခံစားမှုတို့ဖြစ်ပေါ်စေသည့် ခဏ၌ ပင်

သူတို့နှင့် ကျွန်တော်တို့အကြား

ထူးဆန်းသော ရင်းချာမှုတစ်မျိုးဖြင့်

သံယောဇဉ်ငြိတွယ်ခဲ့ကြဟန်တူပါသည်။

မောင်ငယ်ငယ်က ခရေးဦးနှင့် ရသစာတမ်းများ

## အလွမ်းအက်ဆေး

ငြိမ့်ငြိမ့်သဲသဲရွာနေဆဲမှာပင် ခဲသားရောင်မျက်နှာနှင့် ကောင်းကင်ညိုညို သည် မှုန်မှိုင်းလို့ သာ နေခဲ့လေသည်။

ဩဂုတ်လ ၁၄ ရက်နေ့မှာ ထူးအိမ်သင်။ ဩဂုတ်လ ၁၅ ရက်နေ့တွင်

ဆရာမင်းသုဝဏ်။ ရွှန်းဖန့်သော သစ်သီးတစ်လုံးနှင့် မည့်ရွှမ်းသော သစ်သီးတစ်လုံး တို့သည် ဤလောကမြေပြင်မှ တစ်ပြိုင်နက်တည်းလိုလို ကြွေလွင့် သွားခဲ့သည်။ မည်သူ တားမြစ်နိုင်မည်လဲ။ အဲဒါက သေခြင်းမဟုတ်လား။

ဖွေးဖွေးနှင့်အောင်သွန်းပက်နေသော မိုးသီးမိုးပေါက်တို့ကို လက်ဖက်ရည်ခွက်များ အေးစက်လာသည်အထိ ငေးငေးငူငူကြည့်ရင်း မျက်ခုံးမွေး ကောင်းကောင်းနှင့် ဝေဖန်ရေးဆရာက မူးရီနေသလိုမျိုး ဗလုံးဗထွေးပြော လိုက် သည်။ သဲသဲကွဲကွဲမှု မကြားလိုက်မိ။ သို့သော် သူပြောလိုက်တာ နှမြောတသခြင်း မှတစ်ပါး အခြားမဖြစ်နိုင်ပါ။

“နေဝင်ပြီဆိုရင် ××× ကိုယ်လေငိုချယ်တယ် ××× ရင်မှာနာကျင်စွာ ××× ဆွေးမယ်”

တချို့သောနေ့ရက်များမှာကဲ့သို့ပင် ကျွန်တော်သည် နွမ်းနွမ်းမောမော နှင့် မြို့ထဲမှပြန် အလာ အိမ်သို့တန်း တန်းမတ်မတ်မပြန်နိုင်ပါဘဲ ကျားကွက်သစ် လမ်းရှိ စာပေလောက-၄ထဲ စွတ်ခနဲဝင်လိုက်မိပါသည်။

သည်ဆိုင်မှာ မိုးမိုး (အင်းလျား)၏ သားတစ်ဦးထိုင်သည်။ သူက မြို့ထဲ က စာအုပ်ဆိုင် ထက် စားမြည်းသူတို့အပေါ် ပို၍ နားလည်ပေးနိုင်ပုံရသည်။ ထိုနေ့ ညနေက ဆိုင်တံစက်မြိတ်သို့ ခြေချလိုက်မိသည်နှင့် ကြားလိုက်ရသော သီချင်းသံ ကြောင့် ဖြန်းခနဲ ကြက်သီးထသွားမိသည်။

“အဆောင်မှာ မှောင်ရီဝိုးတဝါးနဲ့ ××× နံရံပေါ်မှာ ပုံရိပ်ကလေး ရယ်××× နှလုံးသားအစဲအလမ်းများလည်း ××× မီးလိုလောင်ကျွမ်းဆဲ ××× လွမ်းမိတယ်”

ကြည့်စမ်း။ အဆိုတော်ထူးအိမ်သင်ရဲ့အသံ။ ကြည်ပြီး နွဲ့နေလိုက်တာ များကွယ်။

ကျွန်တော်မျက်လုံးများက အမှတ်မထင် သူ့ကိုတွေမြင်နေကျနေရာလေး

ဆီသို့ စွေ့ခနဲရောက်သွားသည်။ မကြာမြင့်သောနေ့ရက်များကလိုပင် စာအုပ်ဆိုင်လေးရဲ့ ဝဲဘက်ထောင့် စွန်းကြွေပြားလေးတွေပေါ်၌ ငုတ်တုတ် ကလေး ထိုင်နေသော သူ့ကို 'ဘွားခနဲ'တွေ့လိုက် ရလိမ့်မည်ဟု မျှော်လင့်ခြင်း ဖြစ်မိပါသည်။ ခိုင်ခံ့ရှည်မျောသော လည်တိုင်မြင့်မြင့်နှင့် ပိန်သွယ်သွယ်၊ မျက်မှန်ထူထူ၊ မှေးစင်းသောမျက်ဝန်းများ၊ ကွေးတွန့်နက်မှောင်သော ဆံနွယ်များ၊ အကျႌလက်ရှည်ကို ခေါက်၍ဝတ်လေ့ရှိသော လူရွယ်တစ်ယောက်၊ ထိုနေရာလေးမှာပဲ တိတ်ဆိတ် စွာ ထိုင်နေသော သူ့ကို တွေ့မြင်နေကျ. . .။

"ကြည့်စမ်း. . .ဟိုမှာ ဘယ်သူလဲလို့" ရှစ်တန်းကျောင်းသူ သမီးလေးနှင့် လာတုန်းက လက်တို့ပြခဲ့မိသေး သည်။ "သမီးသိပါတယ် အဖေကြီးရာ။ အဲဒါ ထူးအိမ်သင်ပါ"ဟု သမီးဖြေခဲ့စဉ်က ဘာရယ်မဟုတ်ပါဘဲ ကျေနပ်သွား ခဲ့မိသည်။ ခုတော့. . .။

သည်စာအုပ်ဆိုင်ကလေးသည် ထူးအိမ်သင်နှင့် တော်တော်လေး အကျွမ်းတဝင် ရှိပုံရပါ သည်။ သူ မကွယ်လွန်မီက မကြာခဏဝင်ထွက်သွားလာနေတာလည်း တွေ့ဖူးသည်။ ခု. . .သူမရှိတော့ပြီဆိုသောအခါ၌ လည်း၊ သူသိ ခဲ့သောတေးကို ငြိမ့်ငြိမ့်ညက်ညက် ကြည်နွဲ့နွဲ့ အသံလေး။

"သူဘယ်ရောက်နေလဲ မသိတော့ပြီပဲ××× အမှောင်ရိပ်ထဲမှာ××× တိတ်တဆိတ် မျက်ရည် ဝဲ××× နွေကျောင်းပိတ်ရက်တွေလွန်ချိန်မှာ ×××သူ ပြန်မလာနိုင်ပြီပဲ"

ထူးအိမ်သင်၏ တေးသီချင်းတော်တော်များများကို ကြိမ်ဖန်များစွာ ကျွန်တော်နားထောင်ခဲ့ ဖူးသည်။ 'ဂျပ်ဆင် ထိပ်က လရိပ်ပြာ'သည် ထူးအိမ်သင်၏ အကောင်းဆုံးသီချင်းတစ်ပုဒ် မဟုတ်သည်ကိုလည်း ကျွန်တော် ကောင်းစွာသိပါသည်။ သို့သော် ထိုနေ့ညချမ်းက စာအုပ်ဆိုင် အခန်းကျဉ်းကလေးထဲမှာ နားထောင်ခဲ့ရသော 'ဂျပ်ဆင် ထိပ်က လရိပ်ပြာ'လောက် သူ၏ အခြားဘယ် သီချင်းမှ မလွမ်းလောက်ဟု ကျွန်တော်ထင်မိပါသည်။

ထိုနေ့ညက အိမ်ပြန်ရောက်လျှင်ရောက်ချင်း 'ဂျပ်ဆင် ထိပ်က လရိပ်ပြာ' ပါတဲ့အခွေ ရှာပေးစမ်းပါကွာ။ ငါ ထူးအိမ်သင်ကို လွမ်းလို့ပါ' ဆိုတော့ 'တော်နဲ့ သူ ခင်တယ်လို့လည်း မကြားမိပါဘူး' ဟု ပြောပါသည်။

ကျွန်တော် ရုပ်တရက် 'တွေ' သွားမိပါသည်။ ကျွန်တော်က 'ထူးအိမ်သင်နှင့် ခင်မင်ဖို့မပြောနှင့်။ လမ်းမှာ မျက်နှာချင်းဆိုင်တွေ့လျှင်ပင် နှုတ်ဆက်ရလောက်အောင် အကျွမ်းတဝင်ရှိသည်မဟုတ်။ ပြောရလျှင် သူမကမှ ထူးအိမ်သင်နှင့် တစ်ကျောင်းတည်းထွက်ဟု ဆွေမျိုးစပ်လို့ ရနိုင်သေးသည်။

ပုသိမ်ဒေသကောလိပ်မှာတုန်းက ထူးအိမ်သင်က သူမတို့ထက် တစ်နှစ်ငယ်သည်ဟု မှတ်မှတ်ရရ ပြောပြခဲ့ ဖူးသည်။ သည်တုန်းက ထူးအိမ်သင် မဖြစ်သေး။ 'ငှက်ကြီး'တော့ ဖြစ်နေပြီဟု ဆိုသည်။ သူတို့ရဲ့ တူရိယာ အဖွဲ့နာမည်ကပင်လျှင် THE ANIMALS ဆိုပဲ။ ပါဝင်တဲ့ အဖွဲ့သားတွေနာမည်ကလည်း တီးဝိုင်းနဲ့လိုက်ဖက်လှသည်။ ငှက်ကြီး၊ ကျားကြီး၊ ကြက်ဖကြီးတဲ့။ အင်း. . .ကွေ့လွင့်ခဲ့ရှာပြီဖြစ်သော ညနေကြယ်ကလေးကိုလွမ်းမည်ဆိုလျှင် ကျွန်တော့်မိန်းမကမှ ကျွန်တော့်ထက်ပို၍ အခွင့်အရေးသာသလို ဖြစ်နေပါလေသည်။

သို့ဆိုပါလျှင် ထူးအိမ်သင် တေးသီချင်းတချို့ကို ကြိုက်နှစ်သက်မိသည်ကလွဲ၍ . . . ထူးအိမ်သင်ကို စာအုပ်ဆိုင်ကလေး၏ ဝဲဘက်ထောင့်စွန်း၌ ငုတ်တုတ်ကလေး ထိုင်နေတာ လေးငါးကြိမ်မြင်ဖူးခဲ့သည်ကလွဲ၍ . . .။

ပြောလောက်စရာ အကျွမ်းတဝင်မရှိခဲ့ပါသော ကျွန်တော်က သူ့ကို 'လွမ်းခွင့်' မရှိတော့ပါပြီလော။ တော်နဲ့ သူ ခင်တယ်လို့လည်း မကြားမိပါဘူး ဆိုပါလား။

ကုန်လွန်ခဲ့သော ဆယ်နှစ်နီးပါးလောက်က ကျွန်တော်တာဝန်ဖြင့် ရောက်ရှိနေထိုင်လျက် ရှိသော မင်းလှမြို့ ကလေးသို့ တွံတေးသိန်းတန်၊ ချစ်စပယ်တို့ အဖွဲ့လာကသည်နှင့် ကြုံခဲ့ရပါသည်။

ထိုညက ညည့်ဦးယံသီချင်းများနားထောင်ရန် သွားမည်ပြင်ဆင်တော့ ကျွန်တော့်မိန်းမက 'တော် အော်တိုစာ အုပ်ကိုင်ပြီး လက်မှတ်ထိုးခိုင်းမနေနဲ့ဦးနော်' ဟု လှောင်ပြောင်နေသေးသည်။ 'ကိုရင်သိန်းတန်တော့ သွားမှဖြစ်မှာ ကွ။ တို့က သူ့ တေးတွေနဲ့ ကြီးပြင်းလာခဲ့ရတာ မဟုတ်လား' ဟု ဖြေရှင်းချက်ပေးမိခဲ့ပါသည်။

"စုံနံ့သာမြိုင်××× ရှာပုံဖွင့်ပါလို့ရယ်××× ရင်နင့်အောင်ချစ်ရှာလွန်းသူ ××× အပူတပြင်းရှာဖွေ××× ရေမြေဆုံးဆုံးစေ့တကယ်××× လှုဂမုန်းနွယ်ချစ် သက်ဦးရယ်××× ဘဝဆုံးတကယ် မပစ်ရက်ဘူးကွယ်"

တွံတေးသိန်းတန်က စင်မြင့်ပေါ်မှာ မိတ်ကပ်အဖွေးသားနှင့် အားပါးတရ သီဆိုနေပါသည်။ ကျွန်တော်က 'ပန်းနွယ်ကစိမ်း'ဇာတ်ကားထဲက တိုက်ပုံအကျႌလေး ပခုံးဖျားချိတ်ကာ တောအသွယ်သွယ် တောင်အထပ်ထပ် ချစ်သူ ပျောက်ရှာဖွေနေသော ပျို့ရွယ်ချောမောသည့် ကိုသိန်းတန်ကို မြင်ယောင်နေမိသည်။ စင်စစ် ကိုသိန်းတန် ဘယ်လိုပဲဖြစ်ဖြစ် သူ့ငယ်စဉ်က တေးသံကို မီအောင်မဆိုနိုင် တော့ပါပြီ။ သို့သော် ကျွန်တော်က ကျေနပ်နှစ်ခြိုက်နေ ဆဲ့ပင်။ သူ့တေးသံချိုချိုတို့ ဖြင့် ငယ်ဘဝဆီသို့ ကြိမ်ဖန်များစွာ ပြန်၍ သွားလာလည်ပတ်ခွင့် ရခဲ့သော ကြောင့် ဖြစ်ပါ သည်။

နောက်တစ်နေ့နံနက် မိတ်ဆွေများနှင့်အတူ တူဒေးလက်ဖက်ရည်ဆိုင်၌ ထိုင်နေကြစဉ် ဟိုင်းလတ်ကားပြာလေးတစ်စင်း ထိုးဆိုက်လာခဲ့သည်။ ယာဉ်မောင်း နံဘေးက အသားညိုညိုနဲ့ အမျိုးသမီးကို မြင်ဖူးပါတယ်ဆိုပြီး ကြည့်လိုက်တော့ ချစ်စပယ်။ သည်တော့မှ ကားမောင်းသူကို သေချာစွာ ကြည့်မိသည်။ ဩော်. . .ကိုရင် သိန်းတန်။

တွံတေးသိန်းတန်နှင့် ချစ်စပယ်တို့ကလည်း တူဒေးလက်ဖက်ရည်ဆိုင် ထဲ ဝင်ထိုင်ပြီး လက်ဖက်ရည်မှာ သောက်သည်။ ကျွန်တော်တို့နှင့် နှစ်ဝိုင်းကျော် လောက်မှာ ထိုင်ခြင်းဖြစ်သည်။ ကျွန်တော်က တွံတေးသိန်းတန်ကို သွားနှုတ်ဆက် လျှင် ကောင်းမလား။ ဒါမှမဟုတ် သူတို့ဝိုင်းက လက်ဖက်ရည်ဖိုးကို သူတို့မသိအောင်

ရှင်းလိုက်ရရင် ကောင်းမလား ချီတုံချတုံဖြစ်နေမိသည်။ ကျွန်တော် 'အကဲမရဖြစ်'နေသည်ကိုရိပ်မိသော မိတ်ဆွေကြီး ဦးဝင်းမြင့်က ဘာဖြစ်နေတာလဲဟု မေးသည်။ ကျွန်တော်က ထိုနှစ်ခုစိတ်ကူးမိတာကို ပြောပြလိုက်သည်။ ဦးဝင်းမြင့်က အနုပညာ တို့နှင့် ဒုံးဝေးသူပီပီ 'ဒီလူ ဘာကြောင်တာလဲ' ဟူသော အကြည့်မျိုးနှင့် ကျွန်တော့်ကိုကြည့်ကာ 'နေပါဦး။ တွံတေးသိန်းတန်က ဆရာ့ကိုသိလို့လား' ဟု မေး လိုက်သည်။

ကျွန်တော် ခေါင်းခါပြလိုက်တော့ 'ဒါနဲ့များဗျာ'ဟု သူက ပြောပါသည်။ သိန်းတန် ကွယ်လွန်ခဲ့ပါသည်။

ကျွန်တော်သည် မင်းလှမြို့၏ တစ်ခုသောနံနက်ခင်း၌ ကျွန်တော်တို့ ချစ်ခဲ့ရသော ကိုရင်သိန်းတန်ကို နှုတ်ကလေးမျှမဆက်ခဲ့ရ။ လက်ဖက်ရည်ကလေးမျှ မ တိုက်ခဲ့ရသည်ကို အခါများစွာတွေး၍ စိတ်မကောင်းဖြစ်ခဲ့ရပါ သည်။

"အနောက်တိုင်းဆန်တဲ့××× အလှအပပစ္စည်းဆိုတာရယ်လေးတိုရွာကလေးအဖို့ အိပ်မက်တောင်မှ မမက်ရရှာဘူးကွယ်××× တစ်ပတ်လျှိုကေသာကြော့ဝယ်"

ခုတော့လည်း မြောက်ပြန်လေနှင့်အတူလွင့်မျောလာတတ်သည့် ကိုသိန်းတန်၏ 'လေးနွယ်' လို သီချင်းသံ မျိုးကြားရလျှင် 'ချယ်ရီလက်ဆောင်ပေးရသူရေ'၊ 'ချစ်ရက်ရှည်ရှည်အင်းလျားမြေ'၊ 'မေတ္တာမီးအိမ်' အစရှိသော တေးသံမျိုးလွင့်ပျံလာလျှင် နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့သော ငယ်သူငယ်ချင်းကို လွမ်းမိသလိုမျိုး ပြန်၍ လွမ်းဆွတ် နေမိတတ်ပါသည်။

ငယ်ဘဝဆီသို့ ပြန်သွားနိုင်သော ယာဉ်ရတာ းများအနက် ငယ်ငယ်တုန်းက ခံစားခဲ့သော တေးများက အလျင်အမြန်ဆုံးပို့နိုင်မည်ထင်ပါသည်။

*

လွန်ခဲ့သော နှစ်အနည်းငယ်က ကျွန်တော်သည် အလွန်လှပသာယာ သော တောတောင် ရေမြေများ ဖွဲ့တည်ရာ 'ခြသေ့်ကောင်စောင့်သောမြို့'၌ ကာလ အတန်ကြာ နားခိုခွင့် ရခဲ့ပါသည်။

တစ်ခုသောဆောင်းရက်တွင် မြို့ခံလူငယ်ကဗျာဆရာလေးတွေက 'ခင် ဝမ်း အမှတ်တရပွဲ' ပြုလုပ်ပါသည်။ ကျွန်တော်သည် ဆိုခဲ့သလို တွံတေးသိန်းတံ၏ ပရိသတ်ဖြစ်ခဲ့သော်လည်း ခင်ဝမ်း၏ အနုပညာတို့နှင့် အလှမ်းဝေးခဲ့ သည်ကိုမူ ဝန်ခံခဲ့ ရပါမည်။ သို့သော် ခင်ဝမ်းပွဲသို့ ရန်ကုန်က ကျွန်တော့်မိတ်ဆွေများလည်း လာရောက် မည်ဖြစ်သဖြင့် ကျွန်တော်က ကားဂိတ်မှာ သွားကြိုပေး၊ တည်းခိုသည့်နေရာလိုက်ပို့ ပေး ဆိုသလောက်သာ ပါဝင်မိခြင်းဖြစ်သော် လည်း ကဗျာဆရာကလေးများ၏ ထက်သန်တက်ကြွမှုကို မျက်ဝါးထင်ထင် တွေ့မြင်နေရလေသည်။

"မိုးဦး ရေဆန်××× မိုးဦး ရေဆန်××× ဆယ်လ်မွန်ငါးတို့အပြန်××× အပြန်××× အပြန်×××အပြန်××× ဆယ်လ်မွန်ငါးတို့အပြန်×××"

နှင်းပွင့်လေးတွေ တဖြုတ်ဖြုတ်ကြွေနေသော ဆောင်းရက်များတွင် ပျိုမျစ်ငယ်ရွယ်သော လူကလေးတို့ သည်။ ခင်ဝမ်း၏ တေးများဖြင့် ခင်ဝမ်းကို လွမ်းဆွတ်နေတတ်လေသည်။

ထိုရက်များ၌ မည်သည့်လက်ဖက်ရည်ဆိုင်ကိုပဲ ဝင်ထိုင်လိုက် ခင်ဝမ်း သီကျူးခဲ့သော တေးပဒ္ဒေါင်ကို အရပ်ရှစ် မျက်နှာတို့မှ အခါမရွေးကြားနိုင်သည်။ ငြိမ့် ငြိမ့်ညင်ညင် ဂစ်တာလေးတွေ တီးခတ်ရင်း ခင်ဝမ်း၏ တေးများကို သီဆို နေတတ် ကြသော ပျိုရွယ်သူတို့အထဲတွင် ခင်ဝမ်းကို မတွေ့မမြင်ဖူးသူများပင် ပါကောင်းပါနိုင် ပေသည်။

သူတို့သည် သူတို့၏ ချစ်ခင်သော အနုပညာရှင်ကို မည်သူကမျှ နိုးဆော်

တိုက်တွန်းခြင်း မရှိပါဘဲ ကိုယ့်စိတ်ခံ စားမှုနှင့်ကိုယ် သီးခြားစီ ‘လွမ်း’ နေကြသည် တစ်ဦးကမူ ကိုယ့်အဖေသေတာတောင် ဒီလောက်မလွမ်းခဲ့ရဘူးဟု ဆိုပါသည်။

တစ်ခုသော ညနေခင်းတွင် ပြည်မြို့ မြစ်ကမ်းနဖူးတစ်နေရာရှိ ကုက္ကိုပင်ကြီးတစ်ပင်ကို လူကြီးတစ်ယောက် ရှုထောင့်အမျိုးမျိုးပြောင်း၍ ဓာတ်ပုံရိုက်နေခဲ့လေသည်။ ရွှေဘုံသာဘက်ကမ်း၊ ဧရာမြစ်ပြင်နှင့် နဝဒေးတံတားတို့ ပန်းစားသောကြောင့် ဓာတ်ပုံရိုက်ယူနေသည်ဟုပင် ကျွန်တော် ထင်ခဲ့ပါသည်။ သို့သော် အနားရောက်သွားခဲ့သော ကျွန်တော့်ကို စိတ်လိုလက်ရ ရှင်းပြနေခဲ့သည့် သူ့စကားကြားရတော့မှ ကျွန်တော့်အထင် တကဲတက်စင် မှားခဲ့ကြောင်း သိရသည်။ ‘ဒီ’ ကုက္ကိုပင်ကြီးအောက်မှာ ခင်ဝမ်း ပန်းချီဆွဲဖူးတယ်။ ဒီအပင်ကြီးအောက်မှာ ခင်ဝမ်း သီချင်း ရေးဖူးတယ်ဆိုတာနဲ့ အမှတ်တရ သိမ်းထားချင်လို့ ဓာတ်ပုံရိုက်နေတာပါ’ဟု ဆိုပါသည်။ သူ့အသက် အရွယ်ခန့်မှန်းကြည့်တော့ ခြောက်ဆယ်နား နီးရော့မယ်။ ရုတ်တရက် ကျွန်တော့် နှုတ်ဖျားသို့ ရောက်လာသော ခင်ဝမ်း၏ သီချင်းတစ်ပိုဒ်ကိုပင် ဆိုလိုက်မိမလိုဖြစ် သွားသည်။ ခင်ဝမ်းကို ဂုဏ်ပြုချင်စိတ်ပေါက်သွားသည်။

“ငိုကြွေးခြင်းကို စွန်လွှတ်ခဲ့ပြီ××× အားလုံးအဆင်ပြေသွားမှာပါ××× ကံကြုံရင် ×××ပြန်ဆုံဦးမယ်××× ပျော်ရွှင်ပါစေလို့ဆုတောင်းပါတယ်××× ကျွန်တော်သွားတော့မယ်××× အားလုံးကိုခွဲထားရစ်ခဲ့ပြီ×××”

သူတို့သည် ကျွန်တော်တို့နှင့် လူပုဂ္ဂိုလ်ချင်း အကျွန်းတဝင်ရှိကောင်းမှ တောက်ဆိုရန် ခဲယဉ်းမည်ထင်ပါ သည်။ သူတို့သီသောတေး၊ သူတို့ထုဆစ်သော အနုပညာပစ္စည်းများ ကျွန်တော်တို့ရင်ထဲသို့ အမှတ်မထင်ရောက်ရှိ၍ ကျွမ်းစေ၊ လွမ်းစေ ချို့ရွှင်ကြည်မြူးစေသော ခံစားမှုတို့ဖြစ်ပေါ်စေသည့်ခဏ၌ ပင် သူတို့နှင့် ကျွန်တော်တို့အကြား ထူး ဆန်းသောရင်းချာမှု တစ်မျိုးဖြင့် သံယောဇဉ်ငြိတွယ်ခဲ့ကြ ဟန် တူပါသည်။

သို့ဖြစ်၍ လည်း တွံတေးသိန်းတံအစ၊ ခင်ဝမ်းအလယ်၊ ထူးအိမ်သင် အဆုံး။

မချစ်မနှစ်သက်သောသူတို့အကြား စပ်ဆိုင်ခြင်းမရှိမှု၍ ချစ်နှစ်သက်သော သူတို့အကြား၌ သာလျှင် အလိုအလျှောက် မင်းမူလာတတ်သော ထူးဆန်းသည့် ခံစားမှုမျိုးကို 'အလွမ်း' ဟု ခေါ်ဆိုခြင်း ဖြစ်တန်ရာပါသည်။

**(Future Light)**
**ဖေဖော်ဝါရီလ၊ ၂၀၀၅)**

*

ဒါပေမဲ့

အဲဒီ လှပတဲ့ မွှေးမြတဲ့

ပန်းပွင့်ကလေးဟာ

သူ့အပင်ကို

ထာဝရမှီတွယ်နေလို့မရပါဘူး

နေကုန်သွားတဲ့အခါ

ပန်းပွင့်ကလေးဟာ

ညှိုးနွမ်းသွားရမှာ

နှမြောစရာကောင်းလှပါတယ်။

## ချူးပါနဲ့ကွယ်

ချူးပါနဲ့ကွယ်

ပွင့်ဖူးမှာ အဝါခြယ်၍

မာလာအလယ်မှာ

နွဲ့ခင်တဲ့နှလုံးရယ်ကြောင့်

## (၁)

တစ်ရံရောအခါတုန်းက ဖြစ်ပါသည်။

တောချုံတစ်ခုထဲတွင် သားမွေးချင်ဇောကြောင့် ကမ္ဘဇလေ လှုပ်ခတ်သဖြင့် ဟိန်းလိုက် သော ကျားမကြီး၏ အသံကို ကြားရသည့် မုဆိုးတစ်စုသည် ဒဏ်ရာရနေသော ကျားအမှတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ရာ ကျားမကြီး သေ ဆုံးသွားခဲ့သည်။

အမိမဲ့ခဲ့ရှာပြီဖြစ်သော ကျားငယ်ကိုကြည့်လျက် သနားဂရုဏာပြင်းစွာဖြစ်မိနေသော မုဆိုးတစ်ဦးသည် သူ့ ပရောဂကြောင့် ဖြစ်ရလေခြင်းဟု နောင်တကြီးစွာဖြင့် သူ၏ တောလိုက် ဝါသနာကို ရာသက်ပန်စွန့်ကာ ကျား ငယ်အား အိမ်သို့ ဆောင်ယူခဲ့သည်။

ကျားပေါက်ကလေးကို နေ့သုံးကြိမ် နို့မှုန့်တိုက်၍ တယုတယပိုက်ထွေးပြုစုရာမှ မုဆိုးကြီးသည် သားသမီး ရင်းချာကဲ့သို့ သံယောဇဉ်ငြိတွယ်ခဲ့သည်။ ကျားကလေးကလည်း မုဆိုးကြီးကို ဖခင်ရင်းသဖွယ် ခင်တွယ်လျက်သွား လေရာ တကောက်ကောက်လိုက်ခဲ့သည်။ ပန်းခြံထဲမှာ မုဆိုးကြီးနှင့်အတူ ချော့မြူ ဆော့ကစားနေခဲ့သည်။ တိရစ္ဆာန် နှင့်လူသားတို့၏ မည်သည့်မျှော်လင့်ချက်မျှ မပါသော သံယောဇဉ်ကို သန့်စင်မွန်မြတ်သော ချစ်ခြင်းဟု မုဆိုးကြီးက တန်ဖိုးထားခဲ့သည်။

သည်လိုနှင့် ကျားကလေး တစ်နှစ်သားအရွယ်တွင် ကံကြမ္မာဆိုးကြုံရလေတော့သည်။

မုဆိုးကြီး၏ အမဲလိုက်မိတ်ဆွေနှစ်ဦးအတူ ပါလာသောမျက်နှာဖြူရဲဝန်ထောက်ကို ပန်းခြံထဲ၌ ဧည့်ခံရင်း မုဆိုးကြီး၏ ကုလားထိုင်အနီးတွင် စင်းစင်းကြီးဝပ်နေသော ကျားကလေးကို မျက်နှာဖြူရဲဝန်ထောက်က မြင်သွား သည်။

"ကြီးလာရင် ရန်မူမှာ စိုးရတယ်။ တိရစ္ဆာန်ရုံပို့ရမယ်" ဟု ရဲဝန်ထောက်

က ပြောရာ မုဆိုးကြီးက. . .

“တိရစ္ဆာရုံပို့ရင် ကျုပ် သူနဲ့ခွဲနိုင်မှာ မဟုတ်ဘူး။ ကျုပ်ပါ လိုက်နေရမှ ဖြစ်မှာဗျ” ဟု ပြောသည်။

ရဲဝန်ထောက်က. . .

“တစ်ယောက်ယောက်ကို သွေးထွက်သံယိုဖြစ်အောင် လုပ်ရင်တော့ တိရစ္ဆာန်ရုံကို ပို့ရမယ်” ချည်းပြော လျက် ကျားလေးကို ရန်ရှာနေသည်။

ထိုအချိန်တွင် ကျားလေးသည် တစ်ကောင်တည်းမှိန်းနေသည်မှာ ကြာမြင့်လာသဖြင့် ပျင်းရိလာပြီး သူနှင့်အတူဆော့ကစားရန် မုဆိုးကြီး၏ လက်ကို လျှာဖြင့်လျက်၍ ခေါ်သည်။ စကားကောင်းနေသဖြင့် မည်သူမျှ သတိမထားမိကြဘဲ ကြမ်းတမ်းသောလျှာဖြင့် အလျက်ခံရသော မုဆိုကြီး၏ လက်မှ အရေပြား တဖြည်းဖြည်းပါးလာ ပြီးလျှင် သွေးများယိုစီးကျလာတော့သည်။

ထိုစီးကျလာသော သွေးတွေကို ကျားကလေးက မြိန်ရေရှက်ရေ လျက်နေတော့မှ အားလုံးသတိပြုမိကြကာ ‘ဟာခနဲ’ ဖြစ်ကြရသည်။

ရဲဝန်ထောက်က

“ဝမ်းနည်းပါတယ် လူကြီးမင်းခင်ဗျား” ဟု ဆိုကာ တိရစ္ဆာန်ရုံသို့ ကျားကိုပို့ရန် အဆိုပြုလေတော့သည်။

“တကယ်ဆိုတော့ လူ့သွေးမြည်းဖူးတဲ့ကျားဟာ နောင်လည်းလူသွေးကိုပဲ တောင့်တတတ် မြဲဖြစ်တယ် ဆို တာ ခင်ဗျားတို့လည်း သိမှာပါ” ဟု ပြောသည်။ ဘယ်လိုမှ တောင်းပန်မရတော့

မည်သို့မျှ တောင်းပန်မရတော့သည့်အဆုံး မုဆိုးကြီးသည် ကျားကလေးနှင့်ရှင်ကွဲ အကွဲမခံသည်နှင့် ဆုံးဖြတ်ချက်ချလိုက်ပြီး သူ့ဇနီးထံမှ ရိုင်ဖယ်သေနတ် တောင်းလိုက်သည်။

"ဒိုင်း" ဟူသော သေနတ်သံက တောင်တစ်ကြောဝယ် ပဲ့တင်မျောလွင့်သွားသကဲ့သို့ ကျားကလေး၏ ဝိညာဉ်နှင့် မုဆိုးကြီး၏ အသည်းနှလုံးတို့သည်လည်း ရောထွေးရစ်ပတ်ပါသွားခဲ့ လေသည်။

လွန်ခဲ့သော နှစ်လေးဆယ်ကျော်က ဆရာသော်တာဆွေ၏ တာတီးနှင့် မဲတူဝတ္ထုတိုကို ကျွန်တော်မှတ်မိ သလိုပြန်ပြောထားခြင်းဖြစ်ပါသည်။ ဆရာ့ဇနီးပြောသောဇာတ်ဟု သိရသည်။

ဆရာသည် မုဆိုးကြီးက ကျားကလေးကို ပစ်သက်ခဲ့ရသည့် အကြောင်းရင်းမှာ 'ရှင်ကွဲမကွဲလို၍ ဖြစ်ကြောင်း' နှင့် မျက်နှာဖြူရဲဝန်ထောက်တို့က သေသည်အထိ နှိပ်စက်မည်စိုး၍ ဖြစ်ကြောင်း 'အသားပေး 'ရေးဖွဲ့ထားပါသည်။

သို့သော် ကျွန်တော်သည် ထိုဝတ္ထုကိုပြန်၍ သတိရမိသည့်အခါတိုင်း ဆရာသော်တာဆွေ သိမ်းမြှုပ်ထားခဲ့သည့် အခြားသောအကြောင်းရင်းတစ်ခုလည်း ရှိခဲ့သေးကြောင်း အခိုင်အမာ ယုံကြည်ခဲ့သည်။

'လူ့သွေးမြည်းဖူးတဲ့ကျားဟာ နောင်လည်းလူသွေးကိုပဲ တောင့်တမြဲ' ဆိုသော ရဲဝန်ထောက်၏ ပြောစကားကို မုဆိုးကြီးကိုယ်တိုင် ဝန်မခံသည့်တိုင် မငြင်းသာခဲ့ဟူသော အချက်ပင်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် တာတီးသည် ကျားပေါက်ကလေးတစ်ကောင်ဖြစ်သော ကြောင့်ဖြစ်ပါသည်။

## (၂)

လွန်ခဲ့သောဆယ်နှစ်ကျော်က ကျွန်တော်သည် ကယားပြည်နယ် သံလွင်မြစ်ကမ်းနဖူးရှိ ဖားဆောင်းမြို့လေး တွင် နှစ်အတန်ကြာတာဝန်ထမ်းဆောင်ခဲ့ရပါသည်။

တစ်နေ့တွင် ကျွန်တော့်တပည့်စိုင်းလှတင်က သူ့အတွက် သတို့သမီး

လိုက်တောင်း ပေးပါရန် တောင်းပန် သဖြင့် သူ၏ မိဘများနှင့်အတူ နန့်ဟူးကုန်းသို့ လိုက်သွားခဲ့ရပါသည်။

ရှမ်းကယားတို့မှာ ဗုဒ္ဓဘာသာဝင်များသာဖြစ်ကြသဖြင့် ကျွန်တော်နှင့် ထုံးစလေ့ချင်း ကွဲပြားမှု မရှိသလောက် ဖြစ်ပါသည်။ မိန်းကလေး၏ အိမ်ပေါ်ရောက် သည်နှင့် သူတို့ဖိတ်ခေါ်ထား သော ရပ်မိရပ်ဖများနှင့်အတူ အိမ်ဦးခန်း တွင် ဝိုင်းထိုင် ကြရပါသည်။

စိုင်းလှတင်ဘက်မှ ပါလာသောအမျိုးသမီးကြီး တစ်ဦးက ‘ကဲ. . .ဆရာ က စပြောလေ’ ဟု ကျွန်တော့်ကို စပြောခိုင်းပါသည်။ ကျွန်တော့်ကို ကြိုတင်အသိပေး ခဲ့သည်လည်း မဟုတ်သော ကြောင့် ဘာပြောရမည်မှန်းမသိဘဲ ကြောင်စီစီဖြစ်နေစဉ် ကျွန်တော်အဖော်ခေါ်လာခဲ့သော မြို့နယ်ဆရာဝန်ဒေါက်တာစိန်လှိုင်က. . .

“ခင်ဗျား ဒါတောင် မသိဘူးလား။ ဒီလိုပွဲမျိုးမှာ ယောက်ျားလေးရဲ့ ဆရာ သမားက အဓိကပဲ”ဟု တံတောင်နှင့် တွက်၍ ကျိတ်ပြောသည်။

သည်တော့မှ ဘုမသိဘမသိဖြင့် တတ်သမျှမှတ်သမျှ (ဖတ်သမျှ မှတ်သမျှ လည်း ဖြစ်ပါသည်) ငါးမိနစ်ခန့် ကြောင်းလမ်းသည့်စကားပြောရပါလေသည်။ စိုင်း လှတင်၏ ဒေါ်ကြီးက. . .

“ဆရာက စာရေးဆရာဆိုတော့ ပြောတာကောင်းတယ်” ဟု ဩဘာပေး ခဲ့သော်လည်း ကျွန်တော် ပြောချင် သည်မှာ ထိုအကြောင်းအဟုတ်ပါ။

ကျွန်တော်ပြောပြီးသည့်အခါ စိုင်းလှတင်၏ ဖခင်က ပြောရပါသည်။ ကြောင်းလမ်းသည့် စကားပင်ဖြစ်မည် ထင်ပါသည်။ ရှမ်းဘာသာဖြင့် ပြောဆိုနေ၍ ကျွန်တော်နှင့် ဒေါက်တာစိတ်လှိုင် တို့နှစ်ယောက် နားမလည်ပါ။ နားမ လည် သော်လည်း အသံအနိမ့်အမြင့်ပြေပြစ် ချောင်းစွာဖြင့် တခမ်းတနားပြောနေသည်မှာ နားထောင်၍ ကောင်းလှပါသည်။ တစ်ခါတစ်ရံ ဝိုင်းထဲ ဝိုင်းနေသူများ သဲ့သဲ့မျှ ရယ်မောကြပါသည့် သူတို့မျက်နှာများက ကျေနပ်ကြည်မြူးနေ ကြဟန်က

အထင်းသားပေါ်လွင်နေပါသည်။

စိုင်းလှတင်၏ ဖခင် စကားဆုံးသောအခါ သူတို့အားလုံး လက်ခုပ်တီး လိုက်ကြသည်မှာ ကြက်သီထစရာပင် ဖြစ်ပါသည်။ စကားပြောကောင်းသည်ဟု လည်း ဝိုင်း၍ ချီးကျူးကြပါသည်။ ကျွန်တော်လည်း ဘာရယ်မဟုတ် ကြည် မြူးသွား ပြီး ဝင်ပြောမိလိုက်သည်။

"ကျွန်တော်တို့နှစ်ယောက်လည်း ဦးလေးဦးစိန္တာပြေတာနားထောင်ချင် ပါခင်ဗျာ။ ကျွန်တော် တို့ ကို နောက် တစ်ခေါက် မြန်မာလို့ပြန်ပြောပြပါ"

စိုင်းလှတင်၏ ဖခင်က တစ်ချက်မျှပင် မငြင်းဆိုဘဲ ပြန်ပြောပြပါသည်။

ကျွန်တော်မှတ်မိသမျှဆိုလျှင် ဦးလေး ဦးစိန္တာပြောသည်မှာ ဤသို့ဖြစ် ပါသည်။

"မိန်းကလေးဆိုတာ ပန်းပွင့်လေးနဲ့အတူတူပါပဲ။ ပန်းပွင့်လေးဟာ ရွှန်း စိုတဲ့ အရောင်အသွေးနဲ့၊ လှပတဲ့ အဆင်းသွင်ပြင်နဲ့၊ မွှေးရနံ့နဲ့ သူ့အပင်မှာ ဖူးနေပွင့် နေတာဟာ အင်မတန် ကျက်သရော ရှိပါတယ်။ တင့်တယ်လှပပါ တယ်။ လေပြည် တာလို့ ယိမ်းနွဲ့လိုက်ရင်ပဲ မင်းသမီး ကလေးကနေသလို ရင်ဖိုစရာ ကောင်းပါတယ်။

ဒါပေမယ့် အဲဒီ လှပတဲ့၊ မွှေးမြတဲ့ပန်းပွင့်ကလေးဟာ သူ့အပင်ကို ထာဝရမှီတွယ်နေလို့ မရပါဘူး။ နေကုန်သွား တဲ့အခါ ပန်းပွင့်ကလေးဟာ ညှိုးနွမ်း သွားရမှာ နှမြောစရာကောင်းလှပါတယ်။ ဒါကြောင့် မြတ်မြတ်နိုးနိုး ပန်ဆင်ထား မယ့် သူက အချိန်အခါသင့်လို့ ခူးယူတဲ့အခါ ပန်းပွင့်လေးက ညွတ်ကိုင်းပေးစေချင်ပါ တယ်။ မိန်းကလေးရဲ့ မိဘများနဲ့ ရပ်မိရပ်ဖတို့ကလည်း ခွင့်ပြုပါလို့ တောင်းပန်ပါ တယ်"

ကြမ်းပြင်ပေါ် ဝိုင်းထိုင်ကြသည့် ခုလို ထိုင်ဝိုင်းတွင် ဤသို့သောကဗျာ ဆန်ဆန် လှပပြေပြစ်သော စကားလုံးများကို တော်ရုံပြောထွက်ရန် မလွယ်လှပါ။

မည်သို့ဆိုစေ ဦးလေး ဦးစိန္တာသည် လှပသောစကားလုံးများဖြင့် ပန်းတစ်ပွင့်၏ ဂုဏ်ရည်နှင့် အနာဂတ်ကို ဖွဲ့ဆိုပြခဲ့ဖူးလေသည်။

**(၃)**

တိုက်တိုက်ဆိုင်ဆိုင်ပင် ကျွန်တော် ရွာပြန်ရောက်ပြီး နှစ်ရက်အကြာမှာ ပိတောက်ပွင့် သည်။

ရွာသို့ရောက်လျှင် အမေသည် ကျွန်တော်အိပ်ရာထပျင်းသည်ကို ကောင်းစွာ သိသဖြင့် မနှိုးဘဲထားတတ် သည်။ သို့သော် ထိုနံနက်ခင်းမှာတော့ ဇွဲခတ်၍ အိပ်နေရန် အခွင့်မရနိုင်ပေ။

“ဒေါ်လေး ဘုရားတင်ဖို့ ယူပါဦးလား”

အိမ်ရှေ့လမ်းမဆီမှ မောင်ကြည်တိုး၏ အသံကို အတိုင်းသားကြားနေရ သည်။

“ပြည့်စုံနေပါပြီ သားရယ် မယူတော့ပါဘူး”

ဟု အမေပြန်ဖြေသောအသံကိုလည်း ကြားရသည်။

ကျွန်တော်တို့ ငယ်စဉ်ကလည်း ပိတောက်တွေ လှိုင်လှိုင်ပွင့်လျှင် သူတို့လိုပင် ကြည်ပျော်မြူးရွှင်ခဲ့ကြသည်။

ကျွန်တော်တို့ ငယ်ငယ်ကတော့ ရွာမှာ ဘကြီးသာမှင်၏ ခြံထဲက ပိတောက်တစ်ပင် သာရှိခဲ့သည်။ ယခုတော့ ဘူတာရုံထိပ်မှာလည်း ရှိသည်။ ဘုန်းကြီးကျောင်းအနီးမှာလည်း တစ်ပင်ရှိသည်။

ညတုန်းက မိုးလေးတစ်ပြိုက်ရွာလိုက်သဖြင့် တစ်ရွာလုံးရှိပိတောက်တွေ ပင်လုံးကျွတ် ပွင့်ဝေပစ်လိုက်ပုံရသည်။ ပြေပြေမွှေးချိုသော ပိတောက်ရနံ့က အိပ်ရာထဲအထိ လှိုင်သင်းလာ နေသည်။ အိပ်ရာက ကျိုးထပြီး မျက်လုံး ကိုပွတ်ကြည့်လိုက်တော့. . .

အို . . .တစ်အိမ်လုံး ပိတောက်တွေဝင်းနေသည်။ ဘုရားဆောင်၊ စာရေးစားပွဲ၊ နတ်ပန်းအိုး စသဖြင့် တစ်အိမ်လုံး ထိန်ဝေနေသည်သာမက ပိုလျှံသော ပိတောက်ခက်တွေကို ခြံစောင်ရင်း မှာပင် ထိုးစိုက်ထားတာ တွေ့ရသည်။

'တစ်နှစ်တွင် သည်တစ်လပေပ တစ်လတွင် တစ်ရက်ထဲ ခက်ခဲတဲ့ ရက်ဗုဒ္ဓါ'ဟု တောင်တွင်းဦး ကြော့က ဖွဲ့နွဲ့ခဲ့သည်။

ပိတောက်သည် တစ်ရက်တည်းပွင့်ခြင်းမဟုတ်ဟု စာဒကတတ်သူတို့လည်း ရှိဖူးသည်။ ကျွန်တော်ကိုယ် တိုင်လည်း တစ်ရက်တည်းဆိုတာကို ဇဝေဇဝါ ဖြစ်ခဲ့ဖူးသည်။

သို့ရာတွင် ဆရာတက္ကသလိုလ်ဘုန်းနိုင်က သည်လိုရှင်းပြခဲ့ဖူးသည်။

'ပိတောက်သည် တစ်ရက်ထက်ပို၍ ပွင့်သည်မျိုးရှိသော်လည်း တစ်ပင်လုံး ပင်လုံးကျွတ် ပွင့်ပစ်လိုက်သည် မှာ တစ်ရက်တည်းသားပါပဲ'တဲ့။

ယခု တစ်ရွာလုံးရှိ ပိတောက်ပင်တွေ ပက်လုံးကျွတ် ပွင့်ဝေပစ်လိုက်ပုံရသည်။ ခူးသူ၊ ဝေသူ၊ ဘုရားတင်သူ၊ ချစ်သူပန်ဖို့ပေးသူ စသဖြင့် ပျိုရွယ်သူတို့သည် အလိုလိုမြူးပျော်ကာ တစ်ရွာလုံး အုတ်အုတ်ကျက်ကျက်ညံနေခြင်း ဖြစ်ရာသည်။

စံပယ်၊ နှင်းဆီ၊ ဒေါနု၊ ဇီဇဝါပန်းတွေလည်း ယခုလိုပင် ပွင့်ခဲ့ကြသည်။ သို့သော် ယခုကဲ့သို့ တစ်ရွာလုံးအုတ် အုတ်ကျက်ကျက် မဖြစ်ခဲ့ဘဲ ပိတောက်ကျတော့မှ တစ်ခဲနက် အသိအမှတ် ပြုခြင်းခံရသည်က ဘဝပေးကုသိုလ်ဟု ဆိုရမည်လားမသိနိုင်။

ဩော်. . .သည်တစ်ရက်တည်းကို စောင့်လင့်ခဲ့ရပေသကိုး။

"ပိတောက်တွေ ရွှေရည်လူးခဲ့ပေ့ါလေ××× ချစ်သူကိုရည်စူး ခူးတဲ့လို့ ခြွေ××× ကိုယ်တိုင်လှရာရာရွေး×× လို့"

ပြည်လှဖေ၏ သီချင်းကို တီးတိုးညည်းဆိုရင်း ကျွန်တော့်ခြေထောက်

များက ကျွန်တော့်အား ဘုန်းကြီး ကျောင်း ဘက်သို့ ခေါ်ဆောင်လာခဲ့သည်။

ကျွန်တော်သည် ပိတောက်ကို မနှုးမနွှေးဘဲ ကြည့်ငေးရုံသာ ကြည့်ငေးလာခဲ့သည်မှာ နှစ်ကာလကြာမြင့်ခဲ့ပြီ ထင်ပါသည်။

ပိတောက်သည် နေပူဒဏ်ရင့်ရင့်ကို အပင်ပေါ်၌ သာ ကြာကြာခံနိုင်သည်။ ပန်းအိုးထဲ များတော့ ညနေထိ လန်းဆန်းနေဖို့ မလွယ်ပေ။ ညနေတိုင်လျှင် ပိတောက်ဝါ ပွင့်တွေက ညှိုးလွယ်နွမ်းလွယ်သည်။

ထိုကြောင့် မနှုးဖြစ်တော့။

ရည်စူးပန်ဆင်စေခြင်းဖြင့် ရင်မခုန်နိုင်တော့သည်လည်း ဖြစ်ပေလိမ့်မည်။

နံနက်ကိုးနာရီခန့် ရှိရော့မည်။ ပိတောက်ပင်အောက်မှာ မည်သူ့ကိုမျှ မမြင်ရတော့။

မြရွက်စိမ်းတွေကြားက ပိတောက်ပွင့်တွေကို အဝေးကပင် လှမ်းမြင်ခဲ့ရသည်။ ကလေးတွေခူးလို့ မနိုင်တော့ ဘူးထင်တယ်။ ကျွန်တော်သည် အောက်မှနေ၍ ပိတောက်ပင်ကို မော့ကြည့်လိုက်မိသည်။ ပိတောက်ကိုင်း တစ်ခုသည် အကိုင်းဖျားချင်း အရွက်ချင်း ထိခတ်ကာ တရှဲရှဲမြည်၍ အောက်သို့ပြုတ်ကျလာသဖြင့် မနည်းပင် တိမ်းရှောင်လိုက်ရသည်။ ပိတောက်ပင် အောက်မှာလည်း ချိုးချထားသော ပိတောက်ကိုင်းတွေ အပုံပုံ ပြန့်ကျဲနေသည်။

"ဟေ့. . .အပင်ပေါ်မှာ ဘယ်သူလဲ။ ပိတောက်ကိုင်းတွေ ထပ်မချိုးနဲ့တော့ ဟေ့"

ခါးတောင်းမြှောင်အောင် ကျိုက်ထားသော သူငယ်တစ်ယောက်သည် မျောက်တစ်ကောင် နှယ် ဖျက်ခနဲ ဖျက်ခနဲ အကိုင်းတွေဆီ ကူးလားရွှေ့ပြောင်းကာ တစ်ခဏချင်းမှာပင် မြေပြင်ပေါ်သို့ ဖုတ်ခနဲ ရောက်လာခဲ့လေ သည်။ အသက်ဆယ်

ငါးနှစ်ခန့် သူငယ်တစ်ဦး။

“ပိတောက်တွေ များလှချည်လားသူငယ်။ ပြန်ရောက်မလို့လား”

“မဟုတ်ပါဘူးဗျာ။ ရောက်မရပါဘူး။ တစ်ရွာလုံး အိမ်တိုင်းစေ့ ဝါထိန်နေပြီပဲ။ စောစောကပဲ ကျွန်တော် တစ်ခေါက်ဝေသေးတယ်”

“ဒါဆိုလည်း ဒီလောက်များများ ဘာလို့ထပ်ချိုးရတာ လဲကွယ်”

“အပင်ပေါ် ဒီအတိုင်းထားလိုက်ရမှာ နှမြောလို့ပါဦး။ ပြီးတော့ ပျော်လို့ ”

“ဟော. . .”

ကျွန်တော် အံ့သြသွားသည်။

သူငယ်လေးက. . .

“ဦးလိုချင်ရင် ဒီအကိုင်းတွေကို ကြိုက်သလောက်ယူသွားပါဦး။ တစ်ပြားမှ ပေးစရာမလို ပါဘူး။ ထက်လိုရင်လည်း တက်ချိုးပေးဦးမယ်”

ဟု ပြောသည်။ သူငယ်လေးက သဘောမနောကောင်းပုံရသည်။ ကျွန်တော်ကို မျက်နှာစိမ်းနေ၍ သည်ရွာ သားဟု ထင်မိပုံမပေါ်။ ကျွန်တော်က အိပ်ကပ်ထဲမှ ငါးရာတန်တစ်ရွက် ဆွဲထုတ်ပြီး သူငယ်လေးကို ကမ်းပေးလိုက် သည်။

“အလကားယူ ပါဦးရဲ့။ ပိုက်ဆံပေးစရာမလိုပါဘူး”

ဟု သူက ပြောလျက် နောက်သို့ ခြေတစ်လှမ်း ဆုတ်သွားသည်။ သူ တကယ် မလိုချင်ခြင်း ဖြစ်သည်။

“ဦးက မင်းကို မုန့်ဖိုးပေးတာပါကွယ်။ မင်းခူးထားတဲ့ ပိတောက်တွေကို လိုချင်လို့ မဟုတ်ပါဘူး။ ဒါပေမယ့် မလိုအပ်ဘဲ နောက်ထပ်ပိတောက်ကိုင်းတွေ မချိုးဖို့တော့ ဦးက မင်းကို မေတ္တာရပ်ခံပါတယ်”

“ဘာလဲ။ ဦးက ပိတောက်ပန်းတွေခူးတာကို ဘာလို့မကြိုက်တာလဲ”

ကျွန်တော်က သူငယ်ကို ရှင်းပြဖို့ရန် စကားလုံးတွေ ရှာဖွေနေမိသည်။ ပိတောက်သည် အဖိုးတန်သောပန်း ဖြစ်သည်။ ဘုရားတင်တင်၊ ချစ်သူပန်ဖို့ရွေးရွေး၊ သူငယ်ချင်းမကို ကမ်းချင်ကမ်း၊ မြတ်နိုးတန်ဖိုးထားသူရဲ့ ရင်ခွင်ထဲသို့ သာ ရောက်စေချင်သည်။

ထိုသို့မဟုတ်ပါမူဘဲ အဓိပ္ပာယ်ကင်းမဲ့စွာ အချည်းနှီးကြွေလွင့်ရမည့် အစား သူ့အပင်ပေါ်မှာပဲ သက်တမ်း ကုန်သည်အထိ တင့်တယ်စွာ လှပမွှေးလှနေစေချင်သည်။ ခူးခြွေပစ်လိုက်စေချင်။

"ဘာကြောင့် မကြိုက်နိုင်ရတာ လဲဆိုတော့ ပိတောက်ဆိုတာ ကျား ပေါက် တစ်ကောင် မဟုတ်လို့ပါဘဲ လူကလေးရယ်"

သူငယ်သည် ကျွန်တော့်အား 'ဒီလူကြီး ဘာတွေလာပြောနေတာလဲ' ဆိုသော မျက်လုံးမျိုးဖြင့် နားမလည်နိုင်သလို ငေးကြည့်နေခဲ့သည်။

**မဟောသဓာမဂ္ဂဇင်း**
**ဧပြီလ၊ ၂၀၀၆**

*